CALHOUN COUNTY, MICHIGAN
JOINT OPERATIONS CENTER
*COVID-19 Unified Response*

# ပူးတွဲ သတင်းအချက်အလက် စင်တာ

## သောကြာနေ့၊ ဧပြီလ ၂၂ ရက် ၂၀၂၂ ခုနှစ်

ဧပြီလ ၂၂ ရက် ၂၀၂၂ ခုနှစ် သောကြာနေ့ မနက် ၈ နာရီမှစ၍ Calhoun ကောင်တီတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူတွေ့ရှိမှု စုစုပေါင်း ၂၈,၈၇၈ အား Calhoun ကောင်တီ ပြည်သူ့ကျန်းမာရေးဌာန (CCPHD) သို့ အစီအရင်ခံတင်ပြခဲ့ပြီး ဗိုင်းရပ်စ်ကြောင့်သေဆုံးမှု စုစုပေါင်း ၅၄၀ ခန့်ရှိခဲ့သည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါတွေ့ရှိမှု အသစ် ၂၄ ခုအားတင်ပြခဲ့ပြီး Calhoun ကောင်တီဆေးရုံများတွင် ကိုဗစ်-၁၉ အတွက် ဆေးရုံတက်ကုသနေသူ သုံးဦးခန့်ရှိသည်။

Calhoun ကောင်တီ ပြည်သူ့ကျန်းမာရေးဌာနသည် မစ်ရှီဂန်ပြည်သူပြည်သားများအား ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု အန္တရာယ်များလျော့ချရန်နှင့်၊ နွေဦးရာသီ ကျောင်းပိတ်ရက် spring break အပြီးကျောင်းပြန်တက်ချိန် နှင့် နွေဦးရာသီ စုဝေးမှုများဖြစ်သော proms၊ ဘွဲ့ယူပွဲများနှင့် အခြားအားလပ်ရက်များမှတစ်ဆင့် ရောဂါပြန့်ပွားမှု ကာကွယ်ရေးအတွက် အကောင်းဆုံး ဆောင်ရွက်ပြုကျင့်မှုများ ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် သတိပေးနှိုးဆော်လိုပါသည်။ CCPHD မှ ပတ်ဝန်းကျင်လူထုအား <u>ကာကွယ်ဆေးများ နောက်ဆုံးပေါ်အထိ</u> ပြီးစီးစွာ ထိုးပြီးကြောင်းသေချာစေရန် တိုက်တွန်းလိုပါသည်။

**ကိုဗစ်-၁၉ ပိုး၏ မျိုးကွဲတစ်မျိုးဖြစ်သည့် BA.2 မျိုးကွဲ၏ ရောဂါလက္ခဏာအချို့ဟာ ဘယ်အရာများလဲ?**

BA.2 မျိုးကွဲ၏ ရောဂါလက္ခဏာအချို့မှာ အခြားသော ကိုဗစ်ပိုးကူးစက်မှုများတွင် တွေ့ရှိရသည့် လက္ခဏာများနှင့် အလားတူပင်ဖြစ်သည်၊ ပါဝင်သည်မှာ -

- အဖျားတက်ခြင်း သို့မဟုတ် တုန်ယင်ခြင်း
- ချောင်းဆိုးခြင်း
- အသက်ရှူကျပ်ခြင်း သို့မဟုတ် အသက်ရှူရ ခက်ခဲခြင်း
- မောပန်းနွမ်းနွယ်ခြင်း
- ကြွက်သား သို့မဟုတ် ခန္ဓာကိုယ် ကိုက်ခဲခြင်း
- ခေါင်းကိုက်ခြင်း
- အရသာ သို့မဟုတ် အနံ့ခံခြင်း ပျောက်ဆုံးမှု အသစ်
- လည်ချောင်းနာခြင်း
- ရင်ကျပ်ခြင်း သို့မဟုတ် နှာရည်ယိုခြင်း

BA.2 မျိုးကွဲအကြောင်း သိကောင်းစရာ မှတ်ချက်အချို့

- ယခုဆောင်းရာသီတွင် တွေ့ရှိခဲ့ရသော မြင့်မားသည့်ရောဂါကူးစက်မှု အရေအတွက်များတွေ့မည်ဟု မမျှော်မှန်းထားပါ၊ သို့သော် မေလ အစောပိုင်းတွင် မြင့်မားသည့် အရေအတွက်ဖြင့် (ဖြစ်နိုင်သည်မှာ ယခုလက်ရှိပမာဏထက် နှစ်ဆဖြစ်သော နှုန်းထား) ပိုမိုနှေးကွေးသည့် ရောဂါမြင့်တက်မှုနှင့် ကျဆင်းမှုကိုကြုံလာနိုင်ကြောင်း ခန့်မှန်းထားပါသည်
- လက်ရှိ ကာကွယ်ဆေး/ထပ်တိုး ကာကွယ်ဆေးအဆင့်ဆင့်နှင့် လတ်တလော အိုမီခရွန် ကူးစက်မှုများမှတစ်ဆင့် ကိုယ်ခံအားခံနိုင်ရည်ရှိလာမှုတို့ကြောင့် ဆေးရုံတက်ကုသရမှုများနှင့် သေဆုံးမှုများမှာမူ ထူးခြားစွာ မြင့်တက်လာနိုင်ခြင်း မရှိနိုင်ဟု ခန့်မှန်းရပါသည်
- ကပ်ရောဂါဆိုင်ရာ လက်ရှိခန့်မှန်းချက်များအရ ရောဂါပြန့်ပွားမှုမတိုင်ခင် ပြင်ဆင်ချက်များ သို့မဟုတ် ရောဂါပြန့်ပွားနေစဉ် တုန့်ပြန်လုပ်ဆောင်ချက်တို့ကို

ဆောင်ရွက်သွားရန် ကြိုတင်စီစဉ်မှု မပြုလုပ်သေးသော်လည်း အခြေအနေဖြစ်ပွားမှုများကို အနီးကပ်စောင့်ကြည့်နေမည်ဖြစ်ပါသည်




မစ်ရှီဂန်ပြည်သူပြည်သားများအနေဖြင့် ကိုဗစ်-၁၉ မှ မိမိကိုယ်ကိုကာကွယ်ရန် မိမိတို့နေ့စဉ်ဘဝ သွားလာလှုပ်ရှားရာတွင် မျက်နှာဖုံးအကာ ဝတ်ဆင်ရေးနှင့် ရောဂါကာကွယ်ရန် အခြားနည်းဗျူဟာများအတွက် တစ်ကိုယ်ရည် ဆုံးဖြတ်ချက်များ ပြုလုပ်ခြင်းနှင့်အတူ ရောဂါပြန့်ပွားမှုများ မြင့်မားလာခြင်းအပေါ် သတိမူစေနိုင်ရန် အားပေးတိုက်တွန်း လိုပါသည်။

“မျက်နှာဖုံးအကာတွေဟာ ရောဂါကာကွယ်ရာမှာ ပိုမိုသာလွန်တဲ့ ကာကွယ်မှုလိုချင်တဲ့ သူတွေအတွက် ရွေးချယ်စရာတစ်ခုအဖြစ် ဆက်လက်ရှိနေပါမယ်၊ အထူးသဖြင့် အသက် ၅ နှစ်အောက်ကလေးငယ်တွေနဲ့ ကိုယ်ခန္ဓာခုခံအားထိခိုက်မှုရှိပြီးသား သူများဖြစ်ပါတယ်။” ဟု Calhoun ကောင်တီ ပြည်သူ့ကျန်းမာရေးဌာန ကျန်းမာရေးအရာရှိ Eric Pessel မှ ပြောကြားခဲ့ပါသည်။ “KN95 မျက်နှာဖုံးအကာတွေကို Calhoun ကောင်တီအတွင်းမှာ အခမဲ့ ရယူနိုင်ပြီဖြစ်ပါတယ်၊ ထို့အပြင် ၉၅% အထိ စစ်ထုတ်နိုင်အားကြောင့် ထူးခြားကောင်းမွန်တဲ့ ကာကွယ်မှုကိုလည်း ပေးစွမ်းနိုင်ပါတယ်။ အကယ်၍ Calhoun မှာ ရောဂါတွေ့ရှိမှုတွေ မြင့်တက်လာပြီး ကူးစက်မှုအဆင့်ဆင့် မြင့်မားတဲ့အနေအထားတွေကို ဝင်ရောက်လာတဲ့အခါ မိမိကိုယ်တိုင်နဲ့ မိမိဝန်းကျင်က လူတွေကို အရည်အသွေးမီတဲ့

မျက်နှာဖုံးအကာတွေ တပ်ဆင်အသုံးပြုရမှာဖြစ်ပါတယ်” ဟု Pessell
မှပြောကြားခဲ့ပါသည်။

တရားရုံးအမိန့်စာအရ၊ ဧပြီလ ၁၈ ရက်မှစ၍၊ အများပြည်သူ ပို့ဆောင်ဆက်သွယ်ရေး စသည့် ဘတ်စ်ကားများနှင့် လေယာဉ်များအပါအဝင် မျက်နှာဖုံးအကာများသည် ယခုအခါတွင် ရွေးချယ်ပိုင်ခွင့်ရှိ အရာများအဖြစ်သတ်မှတ်ပါသည်။ ဤအမိန့်ထုတ်ပြန်မှု နောက်ဆက်တွဲအဖြစ် Battle Creek ပို့ဆောင်ဆက်သွယ်ရေး ယာဉ်များပေါ်၌ မျက်နှာဖုံး အကာများသည် ယခုအခါတွင် ရွေးချယ်ပိုင်ခွင့်ရှိအရာအဖြစ် သတ်မှတ်ပါသည်။ သို့သော် ပို့ဆောင်ဆက်သွယ်ရေးမှ မျက်နှာဖုံးအကာများအား ဝတ်ဆင်လိုသည့် မည်သူအတွက်ကို မဆို ဆက်လက်၍ မျက်နှာဖုံးအကာများ ပေးသွားမည်ဖြစ်ပါသည်။ ပို့ဆောင်ဆက်သွယ်ရေး ယာဉ်မောင်းများအတွက်လည်း မျက်နှာဖုံးအကာများသည် ရွေးချယ်ပိုင်ခွင့်ရှိအရာများ ဖြစ်ပါသည်။

CDC မှအဆိုပါ တရားရုံးအမိန့်စာအား လိုက်နာမည်ဖြစ်သော်လည်း ပြည်သူများအား ယခုအချိန်၌အများပြည်သူ ပို့ဆောင်ဆက်သွယ်ရေးစီးနင်းလိုက်ပါစဉ် မျက်နှာဖုံးအကာ ဝတ်ဆင်ကြစေရန် ဆက်လက်ပြီး အကြံပြုအပ်ပါသည်။ BC သယ်ယူပို့ဆောင်ရေးအဖွဲ့မှ လိုက်ပါစီးနင်းသူများအား လူတိုင်း၏ တစ်ကိုယ်ရည်မျက်နှာဖုံးအကာဝတ်ဆင်ခြင်း ရွေးချယ်မှုတို့အပေါ် လေးစားသမှုရှိကြရန်နှင့် ကြင်နာသနားခြင်းအား ပြကျင့်ကြရန် တောင်းဆိုပါသည်။




ကိုဗစ်-၁၉ ကပ်ရောဂါ၏ လက်ရှိအဆင့်တွင် မိမိတို့အားလုံးသည် ကျန်းမာရေးနှင့် ဆီလျော်သည့် အလေ့အကျင့်များ ပြုကျင့်နိုင်ကြပါသည်။ စိတ်တွင်မှတ်ထားသင့်သည့် မှတ်ချက်အချို့အား ဤတွင်ဖော်ပြထားပါသည် -

- ကိုဗစ်-၁၉ အားတိုက်ဖျက်မည့် ကာကွယ်ဆေးထိုးပါ။ မစ်ရှီဂန်ပြည်သူပြည်သား များသည် ကိုဗစ်-၁၉ ကာကွယ်ဆေး နောက်ဆုံးပေါ်အထိ ထိုးထားသင့်ပါသည်။ ကာကွယ်ဆေးအကြောင်းပိုမိုသိရှိလိုပြီး မည်သည့်အချိန်တွင် နောက်ဆုံး ကာကွယ်ဆေးအထိ မိမိထိုးထားပြီးကြောင်းသိရှိလိုလျှင် https://https://Michigan.gov/COVIDVaccine တွင်ဝင်ရောက်ကြည့်ရှုပါ
- အကယ်၍လိုအပ်လျှင် သီးခြားခွဲနေခြင်းနှင့် ကွာရန်တင်းဝင်ခြင်း ပြုလုပ်ပါ။ မိမိ နေမကောင်းဖြစ်စဉ် သို့မဟုတ် လတ်တလော ကိုဗစ်-၁၉ ထိတွေ့မှုရှိထားလျှင် အခြားသူများနှင့် ဝေးရာတွင်နေခြင်းသည် ဗိုင်းရပ်စ် ပိုမိုပြန့်ပွားခြင်းမှ ကာကွယ်နိုင် သည့် အရေးကြီးသည့်လုပ်ဆောင်ချက်များဖြစ်ပါသည်။ Learn more about what happens when you have or are exposed to COVID-19
- အကယ်၍ သင်သည် ရောဂါထိတွေ့မှုရှိထားသည် သို့မဟုတ် ရောဂါလက္ခဏာရှိပါက စစ်ဆေးမှုခံယူပါ။ ကိုဗစ်-၁၉ ရောဂါသင်္ကေတ သို့မဟုတ် ရောဂါလက္ခဏာရှိသူ မည်သူမဆို ကာကွယ်ဆေးထိုးထားသည်ဖြစ်စေ သို့မဟုတ် ယခင်ကကူးစက်ထား

သည်ဖြစ်စေ စစ်ဆေးမှုခံယူသင့်ပါသည်။ ရောဂါလက္ခဏာရှိ၍ဖြစ်စေ သို့မဟုတ် ဗိုင်းရပ်စ်နှင့် ထိတွေ့ထားခြင်း ဖြစ်နိုင်ချေရှိ၍ဖြစ်စေ စစ်ဆေးမှုခံယူထားပါက စစ်ဆေးမှု အဖြေမထွက်လာခင် အခြားသူများနှင့် ဝေးရာတွင်နေထိုင်သင့်ပါသည်။ စစ်ဆေးသည့် ဆေးခန်းရှာဖွေလိုလျှင် https://Michigan.gov/COVIDTest

- မိမိနှင့် အခြားသူများအား ကာကွယ်နိုင်ရန် ထပ်မံဖြည့်စွက်အဆင့်များ လုပ်ဆောင်ပါ။ အန္တရာယ်အဆင့်အဆင့်ကိုနားလည်ခြင်း၊ ကောင်းမွန်သည့် ကျန်းမာရေး အလေ့အကျင့်များ နှင့် လက်ဆေးခြင်းများ ပြုလုပ်ခြင်း၊ နေမကောင်းလျှင် အိမ်မှာနေခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းများ ပြီးစီးစွာ ထိုးထားခြင်းတို့ ပြုလုပ်ဆောင်ရွက်ကာ မိမိကိုယ်ကို ကိုဗစ်-၁၉ ရောဂါမှ ကာကွယ်ပါ။ အန္တရာယ်ကို သိပါ- အခြားသူများ၏အန္တရာယ်ဖြစ်နိုင်မှုသည် မိမိအနေအထားနှင့် မတူညီနိုင်ကြောင်းကိုလည်း သိရှိနားလည်ပါ။ ရွေးချယ်မှုအပေါ် လေးစားသမှုရှိပါ။ ထပ်မံပြဌာန်းသည့် ရောဂါလျော့ပါးစေမည့် လမ်းညွှန်ချက်ဗျူဟာများ သိရှိလိုလျှင် How to Protect Yourself and Others တွင်ဝင်ရောက်ကြည့်ရှုပါ။
- အခမဲ့ မျက်နှာဖုံးအကာ ရယူပါ။ KN95 မျက်နှာဖုံးအကာများကို ရပ်ရွာလူထု အဖွဲ့အစည်းများမှ ဖြန့်ဝေပေးနေပါသည်။ အဖွဲ့အစည်းစာရင်းအား ဤတွင်ကြည့်ရှုပါ




***

ပူးတွဲဆောင်ရွက်မှုစင်တာ သတင်းအချက်အလက်ထုတ်ပြန်မှုများ ရရှိလိုပါက စာရင်းသွင်းနိုင်ပါသည်

Calhoun ကောင်တီမှ နောက်ဆုံးအခြေအနေများ၊ ကောင်တီ ဆောင်ရွက်မှုလုပ်ငန်းများနှင့် Calhoun ကောင်တီအတွင်း ကိုဗစ်-၁၉ ရောဂါအခြေအနေအတွက် calhouncountymi.gov တွင်ဝင်ရောက်ကြည့်ရှုပါ။

Battle Creek မြို့တော်မှ နောက်ဆုံးအခြေအနေများ သိလိုလျှင် battlecreekmi.gov/coronavirus တွင်ဝင်ရောက်ကြည့်ရှုပါ။

ပြည်နယ်ဆိုင်ရာ ကိုဗစ်-၁၉ အရေးပေါ်လိုင်းသည် ဗိုင်းရပ်စ်နှင့် ပတ်သတ်၍ မေးမြန်းခြင်း သို့မဟုတ် စိုးရိမ်ပူပန်ခြင်းများအတွက် မည်သူမဆို ဆက်သွယ်နိုင်ပါသည်။ အရေးပေါ်လိုင်းကို တစ်ပါတ်လျှင် ၇ ရက် မနက် ၈ နာရီ - ညနေ ၅ နာရီအထိ ဖွင့်ထားပါသည်။ ၁-၈၈၈-၅၃၅-၆၁၃၆ သို့ခေါ်ဆိုနိုင်ပါသည်။ ပြည်နယ်ဆိုင်ရာ ကိုဗစ်-၁၉ သတင်းအချက်အလက်များအတွက် michigan.gov/coronavirus တွင်ဝင်ရောက်ကြည့်ရှု ပါ။

---

**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**


Lucy Blair, Calhoun County Communications Manager

269-781-0926, lblair@calhouncountymi.gov

Victor Jovanovich, Public Health Department Communications Specialist

269-969-6469, vjovanovich@calhouncountymi.gov

Jessica Vanderkolk, City of Battle Creek Communications Manager

269-966-3378, jlvanderkolk@battlecreekmi.gov